ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့
(၁၃. ၇. ၂၀၁၆)ရက်နေ့တွင် မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးစိုင်းမျိုးမြင့် တင်သွင်းသည့် တိုက်တွန်းကြောင်းအဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၃)ဖြစ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။အဆိုမှာ **“လွိုင်လင်မြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ခရီးသွား အပန်းဖြေ လည်ပတ်ရာ စခန်း မြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီ ကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်၏ ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ် အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင် အမျိုးသား ရုက္ခ ဗေဒဥယျာဉ်ဖော်ဆောင်ပေးသင့်ပါကြောင်း”** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းမျိုးမြင့်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမည့် အဆိုကတော့ **“လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွား အပန်းဖြေ လည်ပတ်ရာစခန်း မြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီ ကာလတွင် ဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသောဆွဲဆောင်မှု တစ်ခုဖြစ်လာကာ ပြည်သူတို့ စားဝတ်နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ် အစိုးရမှ လွိုင်လင်အမျိုးသား ရုက္ခဗေဒဥယျာဉ်ဖော်ဆောင်ပေးသင့်ပါကြောင်း”** အဆိုတင်သွင်း မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဗဟိုမှာ တည်ရှိပါတယ်။ တောင်ကြီး - ကျိုင်းတုံကားလမ်းမကြီးပေါ်မှာတည်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ နှင့် တိုက်ရိုက်လမ်းရှိပါတယ်။ မိုင်းပန် -လင်းခေး- မောက်မယ် - မိုးနဲကားလမ်းနှင့် ဆုံရာအရပ်ဖြစ်ပြီး အချက်အချာကြတဲ့ ခရိုင်၊ မြို့တစ်မြို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အခြားမြို့ကြီး များတွင် အပူချိန် ၄၂၊ ၄၃၊ ၄၄ ဒီဂရီရှိချိန်၌ လွိုင်လင်မြို့အပူချိန် မှာ ၃၀ ဒီဂရီခန့်သာရှိပါသဖြင့် အေးမြပြီး နေထိုင်ကောင်းသည့် မေမြို့၊ ကလောရာသီဥတုနှင့်တူသော ရာသီဥတုဖြစ်ပါတယ်။ မေမြို့၊ ကလော၊ လွိုင်လင်၊ လွိုင်မွေ(၄)မြို့မှာ သဘာဝရာသီဥတု တူသော မြို့ဖြစ်ပါတယ်။ လွိုင်လင်မှ ကျိုင်းတုံသို့အထွက် တာရိုး ကားလမ်း၏ ညာဘက်တွင် အင်္ဂလိပ်ခေတ်က တည်ရှိခဲ့သော ဧက ၃၀ခန့် ရှိသော မြို့ကျက်သရေဆောင် သဘာဝလွိုင်လင် ရေကန်ကြီး တစ်ကန်ရှိပြီး၊ တာရိုးကားလမ်းမကြီး၏ အောက်ဘက်၊ ဘယ်ဘက် ဧက ၂၀ ခန့် ရှိ ကွင်းပြင်ကျယ်တစ်ခုရှိပါတယ်။ ထို့ကွင်းပြင်ကျယ်၏ အဆုံးတွင် မိုးရာသီ၌ ရေလျှံထွက်လာသော ရေများ စီးဝင် ပျောက်ကွယ်သွားတဲ့ သဘာဝရေငုတ်ပေါက်ကြီး ရှိရာ ထိုသဘာဝရေငုတ်ပေါက်ကို ဝိုက်၍ ရေထိန်းတစ်ခုပါသော ဆည်လေးတစ်ခု တည်ဆောက်ပြုလုပ်လိုက်ပါက အနက် ၅ ပေ သို့မဟုတ် အနက် ၈ ပေရှိ ဧက ၂၀ ရေကန်ကြီး တစ်ကန်ဖြစ်ပေါ်လာစေနိုင်ပါတယ်။ ရေကန်သစ်နှင့် ကပ်လျက် မြောက်ဘက်မှာ ကုန်းလျောကြီးမှာ ဧက ၄၀ လောက်ထိ ရှိပါတယ်။ ၎င်းဧရိယာမှာ ပန်းဥယျာဉ် စိုက်ပျိုးပြီး၊ တိရစ္ဆာန်ရုံ ဖန်တီးနိုင်ပါတယ်။ ရေကန်သစ်၏အရှေ့ တောင်ဘက် တောင်ကုန်းပေါ်တွင် ဧက ၄၀ ခန့်ကျယ်သော သဘာဝတောအုပ်ရှိရာ သစ်ပင် ပေါင်းစုံယူလာပြီး ဖြည့်စွက်စိုက်ပျိုးခြင်းဖြင့် ရုက္ခဗေဒဥယျာဉ် တောအုပ်ကြီး တစ်အုပ်အဖြစ် ဖန်တီးနိုင်ပါတယ်။ မြို့စွန်းကျသဖြင့် လိုအပ်ပါက ပိုမိုကျယ်ဝန်းသော မြေနေရာများကိုလည်း တိုးချဲ့ရယူနိုင်ပါတယ်။ ၎င်းတို့ကို ပါဝါပွိုင့်နှင့်ပြသချင်ပါတယ်။ ယခုမြင်တွေ့ နေရသောပုံမှာ လွိုင်လင်ကနေ ကျိုင်းတုံဘက် အထွက် တာရိုး ထိပ်ကနေ ဘယ်ဘက်ကရိုက်ထားသော ပုံဖြစ်ပြီး မြင်နေကြ မြင်ကွင်းဖြစ်ပါတယ်။ ကားလမ်းမတာရိုးကနေ ဘယ်ဘက်

ကြည့်မည်ဆိုလျှင် ကွင်းပြင်ရှိပြီး တစ်နှစ်ပတ်လုံး အဲဒီလိုဖြစ်ပါတယ်။ လွန်ခဲ့သော ၇ နှစ် ၈ နှစ်က မိုးကောင်းသောကြောင့် ရေကန်ရေသည်ချက်ချင်းမပျောက်သွားတဲ့ မှတ်တမ်းဓာတ်ပုံ ရိုက်ထားခြင်းဖြစ်ပါတယ်။ ၄င်းကို ရေထိန်းတံခါးနှင့် ဆည်တစ်ခု တည်ဆောက်ပြီး ထိန်းထားနိုင်မည်ဆိုပါက တစ်နှစ်ပတ်လုံး ဖန်တီးထားနိုင်တဲ့ အနေအထား ရှိပါတယ်။နောက်တစ်ချက်ကတော့ တာရိုးအဝင်ကနေ ကိုက် ၁၀၀ ရှိ တာရိုးအထွက် နောက်ပြန်ဘယ်ဘက်ရိုက်မည်ဆိုလျှင် ဒီလိုပုံစံမြင်ရမှာဖြစ်ပါတယ်။ မိုးရာသီ ရေကြီးစဉ်က ရိုက်ထားသော မှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။ အဲဒီ ရေကန်ကို ထိန်းသိမ်းမည်ဆိုလျှင် ရေလာအားကောင်းတဲ့ အင်မတန်လှပသည့် ရေကန်ကြီးတစ်ကန် ဖြစ်လာနိုင်သည့် အလားအလာရှိကြောင်းတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွိုင်လင်ရက္ခဗေဒဉယျာဉ် ဖော်ဆောင်ရခြင်းဖြင့် လွိုင်လင်မှ (၆) မိုင်ခန့် သာဝေးသည့် ပင်လုံမြို့ရှိ လွတ်လပ်ရေးအတွက် ပင်လုံသဘော တူညီချက်လက်မှတ်ရေးထိုးရာ လွတ်လပ်ရေး သမိုင်းဝင်ပင်လုံစာချုပ် ကျောက်တိုင်ရှိရာသို့ သွားရောက် လည်ပတ်နိုင်ပါတယ်။ ပတ္တမြားထွက်ရှိရာ မိုင်းရှူးရတနာမြေ၊ လွိုင်လင်-ကျိုင်းတုံ ကားလမ်းမပေါ်ရှိ လွိုင်လင်မှ မိုင် (၅၀)ကွာဝေးသည့် ခိုလမ်၊ နောင်ဖိုင် ရေကန်ရှိပြီး အလျား ၃ မိုင်၊ အနံ ၁.၅ မိုင် ကျယ်သော သဘာဝရေကန်ဖြစ်ပါတယ်။ ရေကန်မြောက်ဘက်ထိပ်မှာ ဦးပိန်တံတားဟု ခေတ်စားလာတဲ့ တံတားကြီးတစ်ခုရှိကြောင်း၊ ဒုတိယပုဂံလို့ခေါ်တဲ့ ရှေးဟောင်းဘုရား မြောက်မြားစွာရှိတဲ့ မိုးနဲမြို့၊ ဒုတိယ လောပိတ ဟုခေါ်သော ကျိုင်းတောင်းရေအားလျှပ်စစ်နှင့်ရေတံခွန်စသည့် နာမည်ကြီးသည် များကိုလည်း လွိုင်လင်မှတစ်ဆင့် နေ့ချင်းပြန်သွားရောက် လည်ပတ်အပန်းဖြေနိုင်ပါတယ်ဆိုတဲ့ သဘာဝ အခွင့်အလမ်းကောင်းတွေ အများအပြားရှိပါတယ်။ လွိုင်လင် မြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ခရီးသွား အပန်းဖြေ အနားယူစခန်း တစ်ခုဖြစ်လာနိုင်ပြီး မကြာမီကာလမှာပေါ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှု တစ်ခု ဖြစ်လာကာ ပြည်သူတို့၏ စားဝတ်နေရေးအတွက် အလုပ် အကိုင်များ ဖန်တီးရာလည်း ရောက်သွားနိုင်ပါတယ်။ ရှမ်းပြည်နယ်အစိုးရမှလည်း လွိုင်လင်အမျိုးသားရက္ခဗေဒဉယျာဉ်ဖော်ဆောင်သင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက် ဆောင်ရွက်ပါ။

**ဦးစိုင်းထွန်းအောင်၊ လဲချားမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးဘဲမင်္ဂလာပါ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်ဖြစ် ပါတယ်။ ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွား အပန်းဖြေ လည်ပတ်ရာ စခန်း မြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီကာလတွင် ဖစ်ထွန်းလာမည့် ရှမ်းပြည်နယ ်၏ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းအတွက် ကြီးမားသောဆွဲဆောင်မှုတစ်ခုဖြစ်လာကာ ပြည်သူ တို့ စားဝတ်နေရေးအတွက် အလုပ်အကိုင်များဖန်တီးပေးရာလည်း ရောက်သွားနိုင်ပါသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အစိုးရမှ လွိုင်လင် အမျိုးသား ရက္ခဗေဒဉယျာဉ်ဖော်ဆောင်ပေးသင့် ပါကြောင်း တင်သွင်းသော အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

## (သို့မဟုတ်)

## အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ဦးစိုင်းမျိုးမြင့် တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ “ လွိုင်လင်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)၏ ခရီးသွားအပန်းဖြေလည်ပတ်ရာ စခန်းမြို့ကြီးတစ်မြို့ဖြစ်လာနိုင်ပြီး မကြာမီအတွင်းဖြစ်ထွန်းလာမည့် ရှမ်းပြည်နယ်၏ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ကြီးမားသော ဆွဲဆောင်မှုတစ်ရပ်ဖြစ်လာကာ ပြည်သူတို့ စားဝတ် နေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာလည်းရောက်ရှိသွားနိုင်ပါသည်။ ထို့ကြောင့်ရှမ်းပြည်အစိုးရအဖွဲ့မှ လွိုင်လင် အမျိုးသား ရက္ခဗေဒ ဥယျာဉ်ဖော်ဆောင်ပေးသင့်ကြောင်း” အဆိုဖြစ်ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိသည့်အတွက် ဦးစိုင်းမျိုးမြင့်၏ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၁၄ ရက်၊ ကြာသပတေးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေး ရပ်နားသည့်အခါမှာ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ (၁၄. ၇. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ အဆိုကို ဆွေးနွေးမည့် ကိုယ်စားလှယ် အမည်စာရင်း ပေးသွင်းခြင်းမရှိသည့်အတွက် အစီအစဉ် (၇)အရ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ပြန်လည် ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်၏ လွိုင်လင်အမျိုးသားရက္ခဗေဒဥယျာဉ်ဖော်ဆောင် ရေးအတွက် အဆိုကို ပြည်နယ်သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ရေးရာဝန်ကြီး ကျွန်တော်ဒေါက်တာညီညီအောင်မှ ပြန်လည် ဆွေးနွေးမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၄၊ ပုဒ်မ ၁၈၈ နှင့် နောက်ဆက်တွဲ ဇယား၂၊ အပိုဒ် (၄)(င)မှာ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းအောက်မှာ ဖော်ပြထားတာကိုတွေ့ရှိရပါတယ်။ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ နေ့စွဲနှင့်ထုတ်ပြန်ထားသည့် သစ်တောရေးရာဝန်ကြီးဌာန၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝ အပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၈ တွင် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တို့ကို အစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုဝန်ကြီးကနေ တည်ထောင်နိုင်သည်လို့ ဖော်ပြထားတာကိုလည်းတွေ့ရှိရပြီး ဥပဒေတွင် ပြည်ထောင်စုအဆင့် လုပ်ပိုင်ခွင့် ရေးထားတာကို တွေ့ရပါတယ်။

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေး နည်းဥပဒေ အခန်း ၂၊ အပိုဒ် ၃ မှာ သဘာဝ နယ်မြေများသတ်မှတ်ခြင်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒ ဥယျာဉ်များ တည်ထောင်ခြင်းနှင့်ပတ်သက်ပြီး ပြည်ထောင်စု ဝန်ကြီးသည် ဥပဒေ ပုဒ်မ ၈ (ဃ)၊ ဥပဒေ၏ ရည်ရွယ်ချက် အလို့ငှာ လိုအပ်ပါက သဘာဝနယ်မြေတစ်ခုခုကို သတ်မှတ်ရန်ဖြစ်စေ၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်တစ်ခုခုကိုဖြစ်စေ၊ ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြိုတင် ကြေညာရာတွင် အောက်ပါအချက်များပါဝင်ရမည်-

(က) တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း
(ခ) သဘာဝနယ်မြေအမျိုးအစား
(ဂ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်
(ဃ) နည်းဥပဒေ ၄ ပါကိစ္စရပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း သည့် တားမြစ်ချက်များ
(င) ပဏာမစိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်း တာဝန်များ

သို့ဖြစ်ပါ၍ လှိုင်လင်မြို့တွင် ဖွဲ့စည်းတည်ထောင်လိုသည့် လှိုင်လင်အမျိုးသားရုက္ခဗေဒဥယျာဉ်၏ တည်နေရာနှင့် ပတ်သက်၍ ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းဦးစီးဌာန၊ စည်ပင်သာယာ ရေးကော်မတီ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်မှာရှိသည့် ဆက်စပ်ဌာနများ တောင်ကြီးတက္ကသိုလ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန တို့နှင့်ပူးပေါင်း၍ အောက်ဖော်ပြပါ လုပ်ငန်းများကို ရှေးဦးစွာ ကွင်းဆင်း လေ့လာ ဆောင်ရွက်ရန် လိုအပ်ပါတယ်-

- တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်းတိုင်းတာခြင်းလုပ်ငန်း
- လက်ရှိမြေအသုံးချမှုအခြေအနေများလေ့လာခြင်းလုပ်ငန်း
- မြေအမျိုးအစားနှင့် ပေါက်ရောက်လျက်ရှိသည့် သဘာဝပေါက်ပင်စာရင်းကောက်ယူခြင်း လုပ်ငန်း
- အများပြည်သူများအကျိုးထိခိုက်မှုရှိ/မရှိနှင့် ရရှိ နိုင်မည့်အကျိုးကျေးဇူးများ လေ့လာခြင်း လုပ်ငန်း
- သဘာဝနှင့် ကိုက်ညီမှုရှိသည့် အပင်များစိုက်ပျိုး နိုင်ရန်လေ့လာခြင်းလုပ်ငန်း
- ဥယျာဉ်အကွက်ချပုံစံနှင့် ဒီဇိုင်းပုံစံများ
- ရန်ပုံငွေလိုအပ်ချက်နှင့် ငွေရေးကြေးရေး အစီအစဉ်
- ဥယျာဉ်အား စီမံအုပ်ချုပ်မည့် အစီအစဉ်စသည့်တို့ ဖြစ်ပါတယ်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး နည်းဥပဒေ ၄၇ အရ စီးပွားရေး အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဥပဒေပုဒ်မ ၈ အရ သတ်မှတ်တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော် အကျိုးစီးပွား အလို့ငှာ အစိုးရနှင့် ဆက်စပ်လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ မိမိကိုယ်တိုင်လုပ်ကိုင် လိုလျှင်ဖြစ်စေ သစ်တောဦးစီး ဌာနမှတစ်ဆင့် ဝန်ကြီးထံလျှောက် ထားရမည်လို့ ဖော်ပြပါရှိပါတယ်။

နည်းဥပဒေ ၄၈ တွင် ဖော်ပြထားသည်မှာ နည်းဥပဒေ ၄၇ အရ လျှောက်ထားရာတွင် အောက်ပါ အချက်များကို ထည့်သွင်း ဖော်ပြလျှောက်ထားရမည်-

(က) လျှောက်ထားလိုသည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ် အမည်၊ နေရပ်လိပ်စာ
(ခ) လုပ်ကိုင်လိုသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခ ဗေဒဥယျာဉ်၏ တည်နေရာ
(ဂ) ရည်ရွယ်ချက်
(ဃ) ရင်းနှီးမြှုပ်နှံသည့်ငွေကြေးပမာဏ၊ ငွေရေး ကြေးရေး အစီအစဉ်နှင့် အထောက်အထားများ
(င) နိုင်ငံတော်အတွက်ရရှိနိုင်မည့် အကျိုးအမြတ်
(စ) ပြသမည့်တောရိုင်းတိရစ္ဆာန် သို့မဟုတ် သဘာဝ အပင်အမျိုးအမည်နှင့် အရေအတွက်
(ဆ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်စုဆောင်း မည့်အစီအစဉ်များ
(ဇ) ဥယျာဉ်အကွက်ချပုံစံနှင့် တိရစ္ဆာန်ခြံဝင်း၊ လှောင်အိမ်များ၏ ဒီဇိုင်းပုံစံများ
(ဈ) ရေရရှိရေးအစီအစဉ်
(ည) ဥယျာဉ်အားစီမံအုပ်ချုပ်မည့် အစီအစဉ်တို့ဖြစ် ပါတယ်။

အမျိုးသားအဆင့်ရုက္ခဗေဒဥယျာဉ် တစ်ခုတည်ထောင် မည်ဆိုပါက ကျွမ်းကျင်သည့် ရုက္ခဗေဒပညာရှင်တွေ၊ သတ္တဗေဒ ပညာရှင်တွေ ပြုစုထိန်းသိမ်းရေးဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ရန် လိုအပ်ခြင်း၊ နေ့စဉ်ပြုစုထိန်းသိမ်းရေး ကုန်ကျစရိတ်များ မြင့်မားခြင်း၊ လျှပ်စစ်နှင့် ရေအရင်းအမြစ်များ အသုံးချမှုများ လွန်းခြင်းတို့ကြောင့် နိုင်ငံတော်မှ မတည်ရင်းနှီးရမည့် ငွေကျပ် သိန်းပေါင်းသောင်းချီ၍ ကုန်ကျခံသုံးစွဲရမည့်အခြေအနေဖြစ်နေပါတယ်။

သို့ဖြစ်ပါသောကြောင့် ရုက္ခဗေဒဥယျာဉ်အား တည်ထောင် ရန် မသင့်တော်သေးပါကြောင်း၊ ကုန်ကျ မည့်ငွေကြေးပမာဏ များကို ဒေသအတွင်း အရေးတကြီးလိုအပ်လျက်ရှိနေသည့် အခြေခံ အဆောက်အဦ ဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေးကဏ္ဍတွေမှာ ဦးစားပေးအသုံးပြုသင့်ပါ ကြောင်းနှင့် အကယ်၍ပြင်ပရင်းနှီးမြှုပ်နှံလိုသူများရှိလာမည်ဆိုလျှင် BOT စနစ်၊ တည်ဆောက် လုပ်ကိုင် သွားသည့် သို့မဟုတ် အကျိုးတူပူးပေါင်းသည့် စနစ်ဆောင်ရွက်နိုင်ရေး စဉ်းစားပေးမှာဖြစ်ကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်။

ဒါကြောင့်မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်၏ အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲမေးမြန်းပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်းနှင့် မေးခွန်းအဖြစ်ပြောင်းလဲမည် ဆိုလျှင် ကျွန်တော်၏ ဆွေးနွေးချက်ကို အဖြေအဖြစ်မှတ်ယူနိုင်ပါ ကြောင်းတင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဤအဆိုကို မေးခွန်းအဖြစ် ပြောင်းသင့်ကြောင်း ပြန်လည်ဆွေးနွေးသွား ပါတယ်။ ယခု ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(ဆ)အရ အဆိုတင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တကယ်တော့ ကျွန်တော်

တင်ပြသည့်ကိစ္စဆိုလျှင် ရုတ်တရက် ကြည့်လျှင် အင်မတန်ကြီးတယ်လို့ထင်ရပါတယ်။ တကယ်တော့ (၃)ပိုင်း ရှိပါတယ်။ တစ်ပိုင်းက ရေလှောင်ကန် ဖန်တီးရေး၊ နောက် တစ်ပိုင်းက ရုက္ခဗေဒဥယျာဉ်တည်ဆောက်ရေး နှင့် နောက်ဆုံး အပိုင်းက ပန်းဥယျာဉ်တည်ဆောက်ရေးဖြစ် ပါတယ်။ တစ်ခါတည်း အကုန်မလုပ် နိုင်တောင်မှ ပိုင်းခြားပြီး လုပ်မည်ဆိုလျှင် လုပ်လို့ ရနိုင်သည့် အနေအထားရှိတယ်လို့ ယူဆပါတယ်။ ဘာဖြစ်လို့လဲ ဆိုလျှင် ရေကန်၏ရေငုပ်ပေါက်ဟာဆိုလျှင် ကျောက်ကပျံကြီး ထဲမှာရှိသည့် အပေါက်ကနေ ရေပြန်ငုပ်သွားပါတယ်။ အဲအခါ ကျတော့ ကျွန်တော်တင်ပြသလို ဆည်လုပ်စရာမလိုပဲ အဲဒီ အပေါက်မှာ ခိုင်ခံ့သည့် ရေတံခါးလုပ်ပြီး ထိန်းကွပ်မည် ဆိုလျှင် မနေ့က ပြသည့်ပုံစံမျိုး ရေကန်ကြီးတစ်ကန် လွယ်လွယ်ကူကူ ဖြစ်လာနိုင်ပါတယ်။ သိန်း (၁၀၀)လောက်မကုန်ဘူးလို့ ယူဆပါတယ်။

အပိုင်း ၁ ပြီး အပိုင်း ၂ က ရုက္ခဗေဒဥယျာဉ်ဆိုတော့ အပေါ်မှာရှိသည့် တောင်ကုန်း၊ သစ်တောအုပ်၊ တောထဲတွင် ရှိသည့် ပင်ပျို၊ သစ်ပင်ပေါင်းစုံယူပြီး ရွှေ့စိုက်လိုက်မည်ဆိုလျှင် တောအုပ် တစ်အုပ်ဖြစ် လာနိုင်ပါတယ်။ တတိယပိုင်းမှာဆိုလျှင် အဲနှစ်ခုကို အခြေခံပြီးခိုင်မာပြီဆိုလျှင် ပန်းဥယျာဉ်ကို လွယ်ကူစွာ စိုက်ပျိုးလို့ ရပါတယ်။ ၄င်းကိုမေးခွန်းအနေဖြင့် ပြန်ပြောင်းရမည် ဆိုလျှင် အပိုင်း ၃ ပိုင်းကိုနိုင်သည့်အချိန်ကာလတွင် တစ်ဆင့်စီ လုပ်သွားရန်ရှိ/မရှိနှင့် ဘယ်အချိန်လောက်စမည်ဆိုသည့် မေးခွန်းကိုမေးမြန်းရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဒီအဆိုကို မေးခွန်းအဖြစ်ပြောင်းလဲခြင်းကို အဆိုရှင်က လက်ခံသဖြင့် သဘောတူကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည့်အတိုင်း အဆိုတင်သွင်းသည့် လွှတ်တော် ကိုယ်စားလှယ်အနေဖြင့် ၎င်းအဆိုကို မေးခွန်းအဖြစ် ပြောင်းလဲရန် သဘောတူသည့်အတွက် မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းမျိုးမြင့် တင်သွင်းသောအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ ဆန္ဒရယူပါမယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းမျိုးမြင့် တင်သွင်းသောအဆိုကို လွှတ်တော်က မေးခွန်းအဖြစ် ပြောင်းရန် သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို မေးခွန်းအဖြစ်ပြောင်းလဲကြောင်း ကြေညာပါတယ်။